ဗနီအစ္စရာအီလ်မျိုးနွယ်တို့၏ (အရေးကိစ္စအဝဝကို)

နဗီတမန်တော်များက တာဝန်ယူ အုပ်ချုပ်ခဲ့ကြသည်။

နဗီတမန်တော်တစ်ပါး ကွယ်လွန်သွားသည့်အခါတိုင်း

အခြားနဗီတမန်တော်တစ်ပါးက ၎င်းနေရာကို ဆက်ခံခဲ့သည်။သို့သော် ငါကိုယ်‌တော်၏နောက်တွင်

မည်သည့်နဗီတမန်တော်တစ်ပါးမျှ ပွင့်ပေါ်လာတော့မည်မဟုတ်ပေ။ များမကြာမီ ခလီဖဟ်ခေါင်းဆောင်များ

အမြောက်အများ ပေါ်ထွန်းလာကြမည် ဖြစ်သည်

အဘူဟာဇင်မ်က ဆင့်ပြန်သည်။ ၎င်းက ပြောပြခဲ့သည်။ ကျွန်ုပ်သည် အဗူဟူရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟု) နှင့် ငါးနှစ်တိုင်တိုင် အတူနေခဲ့သည်။ ၎င်းသည်တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)ထံမှ
ဟဒီးဆ်ဆင့်ပြန်ပြောကြားခဲ့သည်ကို ကျွန်ုပ်ကြားသိခဲ့ရသည်။တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။
"ဗနီအစ္စရာအီလ်မျိုးနွယ်တို့၏ (အရေးကိစ္စအဝဝကို) နဗီတမန်တော်များက တာဝန်ယူ
အုပ်ချုပ်ခဲ့ကြသည်။ နဗီတမန်တော်တစ်ပါး ကွယ်လွန်သွားသည့်အခါတိုင်း
အခြားနဗီတမန်တော်တစ်ပါးက ၎င်းနေရာကို ဆက်ခံခဲ့သည်။ သို့သော်
ငါကိုယ်‌တော်၏နောက်တွင် မည်သည့်နဗီတမန်တော်တစ်ပါးမျှ ပွင့်ပေါ်လာတော့မည်
မဟုတ်ပေ။ များမကြာမီ ခလီဖဟ်ခေါင်းဆောင်များ အမြောက်အများ ပေါ်ထွန်းလာကြမည်
ဖြစ်သည်။ ထိုအခါ ဆွဟာဗဟ်များက လျှောက် ထားကြသည် -
ကိုယ်တော်ကျွန်တော်မျိုးတို့အား မည်သို့ အမိန့်ပေးညွှန်ကြားတော်မူပါမည်နည်း။တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က မိန့်ကြားတော်မူသည်။ "ပထမဦးဆုံးဗိုင်အသ်ကတိသစ္စာပြုခံရသော ခလီဖဟ်၏ ကတိသစ္စာကို ဖြည့်ဆည်းကြလော့။ ထို့နောက်
၎င်းနောက်မှလာသူ၏ ကတိသစ္စာကို ဖြည့်ဆည်းကြလော့။ ၎င်းတို့၏ အခွင့်အရေးကို
၎င်းတို့အား အပြည့်အဝ ပေးဆောင်ကြလော့။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား
တာဝန်ပေးအပ်ခဲ့သော (လက်အောက်ငယ်သားတို့၏) ကိစ္စနှင့်ပတ်သက်၍ ၎င်းတို့အား
စစ်ဆေးမေးမြန်းတော်မူမည့် အရှင်ဖြစ်သည်။ [صحيح] [متفق عليه]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့် ကြားတော်မူသည်မှာ - ဗနီအစ္စရာအီလ်အမျိုးသားတို့အား နဗီတမန်တော်များက အုပ်ချုပ်ခဲ့ကြပြီး၊ ၎င်းတို့သည်ထိုဗနီအစ္စရာအီလ်အမျိုးသားတို့၏ အရေးကိစ္စများကို ခေါင်းဆောင်အာဏာပိုင်များနှင့်အုပ်ချုပ်သူများက ပြည်သူတို့ကို စီမံအုပ်ချုပ်သကဲ့သို့ (၎င်းတို့၏အရေးကိစ္စများကို) တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။ သူတို့တွင် ဖောက်ပြန်ပျက်စီးမှု ပေါ်ပေါက်လာတိုင်းအလ္လာဟ်အရှင်မြတ်သည် သူတို့အတွက် နဗီတမန်တော်တစ်ပါးကို စေလွှတ်တော်မူပြီး

https://sunnah.global/hadeeth/my/show/4936